# ပြိတ္တာ

မဟူရာခင်ခင်



## ဒဿန လက်ဆောင်

အခြားသူ ပေးကမ်းသော၊ ငွေကြေးသည် ဘဝအတွက် အထောက်အပံ့သာ ဖြစ်သည်။ တစ်သက်လုံး စိတ်အေးရမည့် ခိုင်မာမှုမျိုး မရှိပေ။ ကိုယ့်ဘဝကို ထူထောင်နိုင်မှသာ ရာသက်ပန် စိတ်ချမ်းသာမှုမျိုး ရပေသည်။

စာဖတ်ခြင်းသည် အသိပညာ အတွက်ဖြစ်ပြီး လက်တွေ့ လုပ်ခြင်းက အတတ်ပညာ အတွက် ဖြစ်သည်။ ထိုနှစ်ခုကို ညီမျှအောင် လုပ်မှ ဘဝ ဟန်ချက် ညီပေမည်။

တစ်ပါးသူ ရှေ့မှာ ညည်းတွား ပြနေခြင်းသည် ထွက်ပေါက် မဟုတ်ပေ။ ရောက်သည့် နေရာက ပြန်စနိုင်မှသာ ဘဝထွက်ပေါက် အစစ် ဖြစ်ပေသည်။

အထွတ်အထိပ်သို့ ရောက်ကာ အောင်မြင်နေသူ တစ်ဦး၏ လျှို့ဝှက်ချက်သည် အတတ်ပညာ တစ်ခုကို ကျွမ်းကျင်စွာ တတ်မြောက်ခြင်းပင် ဖြစ်၏။

အချစ်သည် ချစ်ဖို့ရန် အတွက်သာ ဖြစ်သည်။ အချစ်ကို ဓားစာခံ အဖြစ် ပုံချရန် မဟုတ်ပေ။

တစ်ဦးတည်း ချစ်နေ၍ မရသလို ကြေကွဲရသည့် အခါမှာလည်း တစ်ယောက်တည်း ကြေကွဲရသည်ဟု မထင်ပါနှင့်။

မျက်ရည် ကျပြရုံနဲ့တော့ လိုချင်တာကို ရလာလိမ့်မည် မဟုတ်ပေ။ မျက်ရည် ကျမည့် အစား ဖြစ်နိုင်မည့် နည်းလမ်း တစ်ခုကို ရှာခြင်းသာ

အကောင်းဆုံး ဖြစ်သည်။

မည်သည့် ကိစ္စမဆို အာရုံစူးစိုက်မှု နည်းသော သူသည် အလုပ်လုပ်သည့် နေရာ၌လည်း ပြည့်ဝသော စွမ်းဆောင်မှုမျိုး ရနိုင်မည် မဟုတ်ပေ။

အနှစ်မရှိသော သစ်ပင်၊ အနှစ်ချည်း ရှိသော သစ်ပင်၊ အနှစ်ကို အကာဖုံး နေသော သစ်ပင်၊ အကာကို အကာဖုံးနေသော သစ်ပင် ဟူ၍ ရှိသကဲ့သို့ အချစ်သည် သူ့ချည်းနေလျှင် မပြောင်းလဲ သော်လည်း အရောင်ပြောင်း တတ်သူများနှင့် တွေ့လျှင် ထိုကဲ့သို့ ပြောင်းလဲ တတ်သည်။

လူမိုက်နှင့် တွေ့သောအခါ သင်ခန်းစာ ယူတတ်ပြီး လူတော်များနှင့် တွေ့ သောအခါ အတုယူ တတ်ရပါမည်။ လူမိုက်နှင့် တွေ့လျှင် အတုယူပြီး လူ တော်များနှင့် တွေ့သောအခါ သင်ခန်းစာ ယူနေလျှင်တော့ ဘဝမှာ နလံထူ နိုင်စရာ မရှိတော့ပေ။

အခြားသူက သင်၏ ပညာ လုပ်အား၊ အတတ်ပညာ တို့ကို အသုံးချပါက သူ့ဆီမှ တစ်ခုခု ရအောင် ပြန်ယူပါ။ မယူနိုင်က တစ်သက်လုံး အခိုင်းခံရ လိမ့်မည်။

သူတစ်ပါးက ပေးသော လစာငွေကို မက်မော နေသူသည် တစ်သက်လုံး လုပ်ငန်းရှင် တစ်ယောက် မဖြစ်နိုင်ပေ။

*****

## ဤဝတ္ထု၌ ပါဝင်သော အခန်းများ

အခန်း (၁) သေသော်မှတည့် သြော် ကောင်း၏

အခန်း (၂) တောပရိယာယ်နှင့် အောင်ပွဲ

အခန်း (၃) ကိုယ်ပျောက် လူသတ်သမား

အခန်း (၄) ပြဒါးဂူမှ ပြဒါးဖြူမြွေ

အခန်း (၅) ဂူအတွင်းမှ လှျို့ဝှက်သော တံခါး

အခန်း (၆) ပြဒါးဂူ သဲလွန်စ

အခန်း (၇) လှျို့ဝှက်စွာ ရောက်လာသူများ

အခန်း (၈) ဦးသာထွန်းနှင့် လှျို့ဝှက်စကား

အခန်း (၉) ပြဒါးဂူသို့ ရောက်ကြခြင်း

အခန်း (၁၀) သေတွင်းမှ ကယ်တင် ပေးရခြင်း

အခန်း (၁၁) ကြေးမောင်းတီး၍ မီးထွန်းပါ

အခန်း (၁၂) အန္တရာယ် လက်တစ်ကမ်း

အခန်း (၁၃) ဦးနေဒွန်းတို့ ပြန်ရောက်လာခြင်း

အခန်း (၁၄) အမြုတေကို ရရှိခြင်း

အခန်း (၁၅) အာဃာတ ရန်ငြိုးနှင့် ကံကြမ္မာ

အခန်း (၁၆) သိင်္ဂါရ နိဒါန်း

*****

## အခန်း (၁)

## သေသော်မှတည့် ဩော် ကောင်း၏

အင်္ဂလိပ် မြန်မာ ဒုတိယ စစ်ပြီးနောက် အောက်မြန်မာနိုင်ငံကို ရရှိသွားသော ဗြိတိသျှတို့သည် မြန်မာ တစ်နိုင်ငံလုံးကို သိမ်းပိုက် ရရှိရေးအတွက် မြန်မာတို့ကို အပြစ်ရှာကြံ၍ တိုက်ခိုက်ရန် အချက်ကောင်းကို စောင့်နေစဉ်တွင် ၁၈၈၅ ခုနှစ်၊ ဧပြီလ အတွင်း၌ ဘုံဘေဘားမား သစ်ကုမ္ပဏီ ကိစ္စ ဖြစ်ပေါ် လာရပြန်သည်။

အင်္ဂလိပ်ပိုင် ဘုံဘေဘားမား သစ်ကုမ္ပဏီသည် မြန်မာနိုင်ငံမှ နှစ်နှစ်

အတွင်း သစ်လုံးရေ (၈၀၀၀၀) ထုတ်သော်လည်း (၃၀၀၀၀) သာ စာရင်းလိမ်ပြခဲ့သဖြင့် မြန်မာ အစိုးရမှ ကုမ္ပဏီအား ဒဏ်ငွေ ကျပ်နှစ်သန်း သုံးသိန်း ရိုက်သည်။

ကုမ္ပဏီက ဒဏ်မဆောင်ဘဲ အိန္ဒိယ ဘုရင်ခံချုပ်ထံ တိုင်ကြားသည်။ ဘုရင်ခံချုပ်က မြန်မာ အစိုးရအား ရာဇသံ ပေးသည်။ ရာဇသံတွင် အမှုနှင့် မသက်ဆိုင်သည့် မြန်မာ့ အချုပ်အခြာ အာဏာကို စော်ကားသော အချက်ဖြစ်သည့် မြန်မာနှင့် နိုင်ငံခြားရေး ဆက်သွယ်ရေးကို အင်္ဂလိပ်ကို အသိပေးရမည် ဟူသော အချက် ပါရှိလေသည်။

မြန်မာ အစိုးရက ဒဏ်ရိုက်ခြင်းကို ပြန်လည် ရုပ်သိမ်း လိုက်ခြင်းဖြင့် ကိစ္စငြိမ်း သွားရမည် ဖြစ်သော်လည်း မြန်မာနိုင်ငံကို အဓမ္မ သိမ်းပိုက်ရန် ကြိုတင် စီစဉ်ထားပြီး ဖြစ်သော အင်္ဂလိပ်တို့သည် မြန်မာတို့၏ ဒဏ်ရိုက်မှု ရုပ်သိမ်းကြောင်း အကြောင်း ပြန်ကြားချက်ကို ဂရုမပြု ကြတော့ဘဲ တတိယစစ်ကို စတင် ဖန်တီးလေတော့သည်။

ဘုံဘေဘားမား သစ်မှုသည် ၁၈၈၅ ခုနှစ်၊ ဩဂုတ်လ အတွင်းတွင် အင်္ဂလိပ် အစိုးရအဖွဲ့သို့ ရောက်ရှိ သွားလေရာ အထက် မြန်မာနိုင်ငံကို သိမ်းယူရန် ယခင်ကပင် အစီအစဉ်များ ရှိထားပြီး ဖြစ်သော ဗြိတိသျှတို့အဖို့ အကြောင်းပြရန် အဆင်သင့် ဖြစ်သွားလေသည်။ ဤသည်ကို အကြောင်းပြု၍ ဗြိတိသျှတို့က တောင်းဆိုချက်ကို တောင်းဆို လာလေသည်။

ယင်းတောင်းဆို မှုများကို နှစ်နိုင်ငံ အပေးအယူ မမျှဖြစ်ကြပြီး ၁၈၈၅ ခု နိုဝင်ဘာလ (၁၀) ရက်နေ့တွင် အိန္ဒိယ ဘုရင်ခံချုပ်က အင်္ဂလန် အတွင်းဝန်ထံသို့ ကြေးနန်း ရိုက်ကြား၍ အထက် မြန်မာနိုင်ငံကို ချီတက် သိမ်းယူခွင့် တောင်းဆို လိုက်သည်။

နိုဝင်ဘာ (၁၁) ရက် နေ့တွင် အတွင်းဝန် ချုပ်ထံမှ ဂျင်နရယ် ပရင်ဒါဂတ်စ်အား မန္တလေးသို့ ယခုချက်ချင်း ချီတက်ရန် ညွှန်ကြားလိုက်ပါ ဟူသော ပြန်ကြားချက်ကို ရရှိရာမှ ဗြိတိသျှတို့နှင့် မြန်မာတို့ တတိယအကြိမ် စစ်ဖြစ်ရ ပြန်သည်။

တတိယ အင်္ဂလိပ် မြန်မာစစ်တွင် ဗြိတိသျှတို့၏ အဓိက ရည်ရွယ်ချက်မှာ အထက် မြန်မာနိုင်ငံကို သိမ်းပိုက်ရေးပင် ဖြစ်လေရာ အထက် မြန်မာနိုင်ငံသို့ပင် ဦးတည် ချီးတက် လာကြလေသည်။

ထိုသို့ ချီတက် လာကြရာတွင် သူ့ကျွန်မခံလိုသော တိုင်းရင်းသား မျိုးချစ်သူရဲကောင်း များနှင့် တိုက်ပွဲ များစွာတို့ တိုက်ခိုက် ကြရလေသည်။

တိုင်းရင်းသား မျိုးချစ် အပေါင်းတို့သည် မိမိတို့ နိုင်ငံအား တိုင်းတစ်ပါးသား လက်အောက်သို့ မကျရောက်စေရန် အစွမ်းကုန် တိုက်ခိုက် ကြသော်လည်း လူအင်အား၊ လက်နက် အင်အားချင်း မမျှကြသဖြင့် အရေးနိမ့်ခဲ့ကြလေသည်။

နှစ်ပေါင်းများစွာ အသက်၊ သွေး၊ ချွေး၊ ရင်းနှီးကာ ဗြိတိသျှ နယ်ချဲ့တို့ကို စစ်သုံးကြိမ် ယှဉ်ပြိုင် တိုက်ခိုက် ကြသော်လည်း လက်နက် အင်အားချင်း မမျှသောကြောင့် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်၊ မြန်မာ သက္ကရာဇ် (၁၂၄၇) နေ့ နေဝင်ရီတရော အချိန်တွင် မန္တလေး နေပြည်တော်အား ဗြိတိသျှ နယ်ချဲ့ စစ်တပ်များက သိမ်းပိုက် လိုက်ကြသည်။

ဘုံဘေဘားမား သစ်မှုနှင့် ပတ်သက်၍ အင်္ဂလိပ်တို့က အလျင်တဆော စစ်ပြုသဖြင့် မရှောင်သာသော မြန်မာတို့မှာ အင်္ဂလိပ်တို့အား ခုခံရန် ပြင်ဆင် ကြသော်လည်း အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်လျှင် သူပုန်ဟု ကင်းဝန်မင်းကြီး ထံမှ လှည့်ပတ်သော ကြေးနန်းစာကြောင့် မြန်မာတပ်သားတို့မှာ ဆီးကြို တိုက်ခိုက်ခြင်း မပြုရချေ။

နေပြည်တော်နှင့် နီးသောအခါ အင်္ဂလိပ်တို့၏ တောင်းဆိုချက် များကို ပေးသော်လည်း စကားမပြန်ဘဲ ချီတက်မြဲ ချီတက် လာတော့မှ သီပေါ ဘုရင်က ရိပ်မိတော့သည်။

ထိုအခါမှ သီပေါ ဘုရင်မှာ အခြေအနေ ဟန်ပုံမရမှန်း သိပြီး ရွှေဘိုသို့ ပြောင်းရွှေ့ စံမြန်းရန် ပြင်ဆင်သောအခါ အင်္ဂလိပ်တို့၏ လူကင်းဝန်က ဘုရင်မင်းမြတ် အကြံကို ရိပ်မိသဖြင့် ရှေ့တော်သို့ ဝင်ပြီး

"အင်္ဂလိပ်တို့ ဝင်လာပြီး မိမိတို့ အလိုရှိရာ တောင်းဆို စာချုပ်၍ ပြန်မည် အမှန်ပင် ဖြစ်ပါသည်၊ ထွက်တော် မမူပါနှင့်"

ဟု လာရောက် တားပြန်လေသည်။ ထိုအခါ သီပေါ ဘုရင်က ...

"အင်္ဂလိပ် တို့သည် တစ်ခါမဟုတ်၊ နှစ်ခါမဟုတ်၊ အခါခါ ရှိချေပြီ၊ တစ်စတစ်စနှင့် တိုင်းပြည် ကုန်အောင် ယူလိမ့်မည် ထင်သည်၊ စာချုပ် ကိစ္စ ရှိလျှင်လည်း မင်းကြီး များနှင့်သာ ချုပ်ဆို ရစ်ကြ၊ နောက် ကျုပ်သဘောတူ လက်မှတ် အလိုရှိက စာချုပ်ကို ရွှေဘိုသို့ ပို့လိုက်ကြ"

ဟု မိန့်တော်မူသည်။ ထိုအခါ အကြံသမား ကင်းဝန်က မိမိဩဇာ ဘုရင့် အပေါ်သို့ မသက်ရောက် တော့မှန်း ရိပ်မိသောအခါ ဆင်ဖြူမရှင် မိဖုရား ကြီးထံ တစ်ဖန် ဝင်၍ ...

"ဘုရင်မင်းမြတ် ရွှေဘိုသို့ ထွက်တော် မမူရအောင် တားတော်မူပါ ဘုရား"

ဟု နည်းအမျိုးမျိုးနှင့် လျှောက်ထား ဖြားယောင်း ပြန်လေသည်။ ထိုအခါ ဆင်ဖြူမရှင် မိဖုရားက သားမက်တော် ဘုရင်ထံ ကြွလာပြီး ...

"ရွှေဘိုကို မထွက်ပါနှင့်၊ သမီးတော် များကလည်း ငယ်သေးသည်၊ နှမတော် ကလေးကလည်း မကျန်းမမာ ကိုယ်ဝန် အရင့်အမာနှင့် လမ်းမှာ

ဒုက္ခ ရောက်ကြ ရပါလိမ့်မည်၊ အင်္ဂလိပ်များ တက်လာသည်မှာ ဘာမှ စိုးရိမ်စရာမရှိ၊ အလိုရှိရာ စာချုပ်ပြီးလျှင် ပြန်မည် အမှန်ပင် ဖြစ်ပါသည်"

ဟု ကင်းဝန်မင်းကြီး လေပေါက်အတိုင်း မိန့်ဆိုပြန်ရာ သီပေါမင်းမှာ ယောက္ခမကြီးကို ငယ်ကြောက် ဖြစ်သည့်အတိုင်း တိတ်တိတ် နေ၍ စဉ်းစားနေစဉ် ကင်းဝန် မင်းကြီးက အတွင်းတောမှ ထွက်ခဲ့လေသည်။

အပြင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ...

"ရှင်ဘုရင်၊ ရွှေဘိုသို့ ထွက်တော် မမူ၊ ဆင်၊ မြင်း၊ ပစ္စည်း၊ ဘဏ္ဍာ အားလုံး သိမ်းလိုက်ကြ၊ နောက် ငါ့အမိန့် မရှိလျှင် မည်သူမျှ နန်းတော်သို့ အဝင်အထွက် မရှိစေရ"

ဟု ပြောဆို လိုက်သောကြောင့် ထွက်မည့် ဆဲဆဲမှာ ဖျက်လိုက် ရတော့သည်။

သီပေါ ဘုရင်မှာ ထိုစဉ်က ငယ်သူဖြစ်၍ မည်ကဲ့သို့ ဖြစ်ပျက် လိမ့်မည်ကို ကြိုတင် မစဉ်းစား မဆင်ခြင် နိုင်ဘဲ သူပြော ဟုတ်နိုးနိုး၊ ငါပြော ဟုတ်နိုးနိုးနှင့် ယောင်တီးယောင်တ အကြံမရ ဖြစ်နေစဉ် ကင်းဝန်ကလည်း တစ်မှောင့် ဖြစ်နေသည်။ ထို့ကြောင့်လည်း အင်္ဂလိပ် စစ်သင်္ဘောများ နေပြည်တော်နှင့် နီးကပ် လာသောအခါ ပြင်သစ် ကိုယ်စားလှယ်က ဘုရင်အား ...

"အင်္ဂလိပ်များ နန်းကို မသိမ်းပိုက် နိုင်ရန် ဒေါင်းအလံနှင့် ပြင်သစ် အလံကို ယှဉ်တွဲ၍ နန်းတော်မှာ တင်တော်မူပါ၊ သို့မဟုတ် ပါက ကျွန်တော်မျိုးတို့ ပြင်သစ်ဝင်းထဲကို ထွက်တော်မူပါ ဘုရား"

ဟု တင်လျှောက် သည်ကိုပင် လိုက်နာခြင်း မရှိပေ။

ထိုအကြောင်းကို ကင်းဝန်မင်းကြီး သိသောအခါ ပြင်သစ် ကိုယ်စားလှယ်

မှာ နောက်ထပ် နန်းတော်သို့ ဝင်ခွင့် မရရှာတော့ပေ။ ၁၂၄၇ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် (၇) ရက်နေ့တွင် အင်္ဂလိပ် စစ်သင်္ဘောများ က ဆိပ်ကမ်းသို့ ဆိုက်ရောက် လာလေတော့သည်။ ထို့နောက် ကာနယ် စလေဒင်သည် လက်နက် မပါဘဲ တစ်ယောက်တည်း နန်းတော်သို့ ဝင်၍ ဘုရင်အား ...

"စိုးရိမ် ကြောင့်ကြ ဖြစ်တော် မမူပါနဲ့ ဘုရား၊ ကျွန်တော်မျိုး များသည် မနက်ဖြန် အပါးတော် ဝင်ပြီး အလိုရှိရာ တောင်းဆို စာချုပ်၍ ပြန်ပါမည် ဘုရား"

ဟု လျှောက်တင်ပြီး ပြန်သွားလေသည်။ ထိုသို့ စလေဒင် လျှောက်တင် ချက် စကားမှာ ကင်းဝန်မင်းကြီး အထက်ကတင် လျှောက်ခဲ့သည့် စကား နှင့် ထပ်တူထပ်မျှ တူနေသောကြောင့် အင်္ဂလိပ်တို့၏ ပရိယာယ်ကို မသိ သော သူတို့ စိတ်ထဲတွင် 'ဟုတ်ကောင်း ဟုတ်မှာပဲ' ဟု တွေးထင် ကြလေ သည်။

သို့သော်လည်း နောက်တစ်နေ့တွင် အင်္ဂလိပ် စစ်သဘော် ပေါ်သို့ သီပေါ ဘုရင်နှင့် မိဖုရားကြီးတို့ ရောက်နေရခြင်းကို တွေ့မြင်ရခြင်းဖြင့် စလေ ဒင်၏ လျှောက်တင်ချက် စကားမှာ မလိမ့်တစ်ပတ် လျှောက်ထားချက် မျှ သာ ဖြစ်ကြောင်း ထင်ရှား လေတော့သည်။

သို့ရာတွင်လည်း ကင်းဝန် ဘက်တော်သား များမှလွဲ၍ ဘုရင်နှင့် တကွ အခြား ရိုးသားလှသော မြန်မာတို့မှာ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အပြီးသတ် သိမ်းယူကြောင်း မရိပ်မိကြ ရှာသေးပေ။

စာချုပ် ရအောင် လာသည်ဟု ပြောသော စလေဒင် စကားကို ယုံကြည်နေ သေးသော ရှင်ဘုရင်သည် ...

"ဥယျာဉ်တော်ကို ခေတ္တ ခဏသာ ရွှေ့ဆင်း ပေးတော်မူပါ ဘုရား၊ နောက်

စာချုပ် ချုပ်ဆိုပြီး အရှင် နန်းမတော် မိဖုရားကြီး သည်လည်း နန်းတော်ကြီး မှာပင် မီးရှူး သန့်စင်တော်မူပါ ဘုရား"

ဟု စလေဒင် လျှောက်ထား ချက်ကို ကြားသောအခါမှ အလိမ်ခံရမှန်း ရိပ်မိကြတော့သည်။

"စလေဒင်၊ မနေ့က စကားတစ်မျိုး၊ သည်ကနေ့ စကား တစ်မျိုးပါလား"

"ခေတ္တပါ ဘုရား"

ဟုသာ စလေဒင်က တင်လျှောက်သည်။ ထိုအခါ ဘုရင်က အနီး၌ ခစားနေသည့် ကင်းဝန် မင်းကြီးအား ...

"မင်းကြီး၊ ဘယ့်နှယ် ရှိစ"

ဟု မေးသော်လည်း ကင်းဝန်မှာ မည်သို့မှ မတင်လျှောက်ဘဲ ပြားဝပ်၍သာ နေတော့သည်။ ထို့နောက် မငြင်းဆန် သာတော့ဘဲ ဥယျာဉ်တော်သို့ ရွှေ့ဆင်း ရပြီးနောက် နံနက်စာ ပွဲတော် တည်ပြီးလျှင် စလေဒင် ဝင်ရောက်လာပြီး ...

"ရေဆိပ် သင်္ဘောပေါ် ဆင်းတော်မူပါ ဘုရား၊ ခေတ္တ လိုက်တော်မူပါဘုရား၊ ဆွေတော် မျိုးတော် များကိုလည်း အရှင် ကြည့်ရှုသကဲ့သို့ ကျွန်တော်မျိုးများ စောင့်ရှောက် ကြည့်ရှုပါမည် ဘုရား"

ဟု ထပ်မံ လျှောက်တင် သောအခါမှ ရေတိမ် နစ်ပြီ ဖြစ်ကြောင်း သိရသဖြင့် ဘုရင်က ...

"ရေတိမ်နစ် ရပါပကောလား"

ဟု ဆို့နင့်စွာ ညည်းညူ ရေရွတ် လေတော့သည်။

"ဘုရင်မကြီး ထံမှ ကြေးနန်းစာ ရောက်လာလို့ပါ ဘုရား"

ဟု ထပ်မံ လျှောက်တင် ပြန်လေသည်။

"မင်းကြီးများ၊ ကျုပ် ရန်သူ့ လက်ကို တဖြည်းဖြည်း ရောက်မှန်းမသိ ရောက်ရပြီ၊ နောက် မင်းကြီးတို့နဲ့ တွေ့ရဦးမယ် ထင်သေးရဲ့လား"

ဟူ၍ သီပေါဘုရင်၏ ဆို့နင့်သော စကားကို ကြားရသောအခါ တိုင်းတား မင်းကြီးမှာ ဘုရင့် ခြေတော်ကို ဖက်၍ ကြုံကြုံပါအောင် ငိုလေရာ စလေ ဒင်က ဆွဲထားရသည်။ ကင်းဝန်မင်းကြီး ကတော့ စကား မပြောတော့ဘဲ ခပ်မဆိတ် ငြိမ်နေတော် မူလေသည်။

ထို့နောက် လူနာ၊ လူသေ တင်သော ထမ်းစင်ဖြင့် ဘုရင်ကို တင်ဆောင် ယူမည်ပြုရာ တိုင်းတား မင်းကြီးက ဗီရို လှည်းနှစ်စီး ထုတ်ပေးသဖြင့် သီပေါမင်း၊ မိဖုရား နှစ်ပါး၊ ဆင်ဖြူမရှင်၊ ထိပ်စု မိဖုရားကြီး၊ သမီးတော် နှစ်ပါး၊ ပင်းယ မင်းသမီး၊ မိုးညှင်း မင်းသမီး၊ သုံးဆယ် မင်းသမီး တို့ကိုပါ ဗီရို လှည်းနှစ်စီးဖြင့် တင်ဆောင်၍ ရေဆိပ်သို့ ယူဆောင် သွားပြီးလျှင် ကမ်းဆိပ်သို့ ရောက်သောအခါ 'သူရိယ' အမည်ရှိ သင်္ဘောပေါ်သို့ တင်ထား လေသည်။

ဘေးတစ်ဖက် တစ်ချက်မှလည်း သင်္ဘော တစ်စီးစီနှင့် ရံ၍ ညှပ်ထားလေ သည်။ ကြက်ငှက်ပမာ လှည့်စားခြင်း ခံရ၍ လွယ်ကူစွာ ပါတော်မူ ရ ကြောင်းကို သိရှိကြသော မြို့တော်သူ မြို့တော်သား တို့မှာကား ပူဆွေး ငိုကြွေးခြင်း မှတစ်ပါး အခြား ဘာမှ မတတ်နိုင် ကြတော့ပေ။

တရားခံကတော့ ကင်းဝန်မင်းကြီး အပြစ်ချည်းလည်း မဆိုသာပေ။ အချုပ်ကား မြန်မာနိုင်ငံ သူ့ကျွန်ဘဝ ရောက်ခဲ့ရသည့် အချုပ်၏ တရားခံတို့ မှာ (၁) တရားခံ ကင်းဝန် (၂) တရားခံ ဆင်ဖြူမရှင် (၃) တရားခံ မိဖုရား (၄) တရားခံ ရှင်ဘုရင် ဟုသာ ဆိုထိုက်ပေတော့သည်။

သီပေါဘုရင်အား ရတနာဂီရိသို့ ပို့ထားစဉ် ဆင်ဖြူမရှင်နှင့် ထိပ်စုကြီးတို့ ကို ထားဝယ်သို့ ပို့ထားသည်။ တိုင်းတား မင်းကြီးကို ကတ္တက်မြို့ ရွှေ

လန်မြို့ဝန်ကို စစ်တွေသို့ အသီးသီး ပို့ထားကြ သော်လည်း နိုင်ငံနှင့်တကွ မင်းမိဖုရား တို့ကို အလွယ်တကူ ရအောင် ကြံဆောင် စီမံပေးသော ကင်းဝန်ကတော့ မြို့တွင်း နန်းတော်အနီး ၎င်း၏ နေအိမ်မှာပင် ကောင်းမွန် ချမ်းသာစွာ နေရလေသည်။ နေပြည်တော်ကို ပြန်ရောက်လာသော လေ့ သင်း အတွင်းဝန် ကတော့ ကင်းဝန်ကို စိတ်နာသဖြင့် ကာလကတ္တားသို့ သွားရောက် နေထိုင်လေသည်။

ရတနာဂီရိ၌ ရှိနေစဉ် သီပေါဘုရင်က အပါးတော်မြဲ ဦးစံရွှေအား ကင်းဝန်နှင့် ပတ်သက်၍ ပြောသော စကားမှာ ...

"ကင်းဝန် မင်းကြီးသည် ငါ့ခမည်းတော် လက်ထက်က မင်းကြီးကလေး၊ ငါ့လက်ထက် ကျမှ မင်းကြီး၊ အကြီးဆုံး ရာထူးကို ပေးသနားတော် မူသည်။ ကုန်းဘောင် မင်းဆက်မှာ ဘယ်မင်းမှ မပေးဖူးသော ရာထူးဖြစ်သည့် မင်းကြီး မဟာ သက်တော်ရှည်ကို ငါပေးသည်၊ ကျောက်စီ တောင်ဝှေးကို ငါသနားတော် မူသည်၊ လက်နက်ဝန်ကြီး ရာထူးကို ငါအပ်နှင်းတော် မူ သည်၊ ယခုနေအခါ ၎င်းရာထူးနှင့် ဆိုလျှင် သင့်မြေးကို ပေးချင်သော ရာထူးကို ပေးသနား နိုင်သည်၊ တို့မောင်နှမ ကုလားပြည် ရောက်ရခြင်းမှာ သင့်ကြောင့်ပင် ရောက်ရချေသည်"

"သို့သော် ငါတို့မှာ ဘာကိစ္စမှ မရှိ၊ အင်္ဂလိပ်က တစ်နှစ် တစ်သိန်း ပေး ထားသည်၊ ဆင်းရဲ ဒုက္ခ မရောက်၊ ရာဇဝင် အစောင်စောင်၊ ဗုဒ္ဓဝင် အစောင် စောင်ကို ကြည့်လျှင် လောကကြီး၌ သစ္စာပျက်သူတို့ အကြောင်းကို တွေ့ရ ပေသည်၊ သစ္စာပျက်သောသူ၊ ကျေးဇူးရှင်ကို ကျေးစွပ်သော သူသည် လူချမ်းသာ သော်လည်း စိတ်မချမ်းသာ၊ စိတ်ချမ်းသာ သော်လည်း လူမ ချမ်းသာ၊ နောင်ကိုလည်း အမြဲ ဒုက္ခ ရောက်စမြဲပင်၊ လောကီ လောကုတ္တရာ မှာလည်း မကောင်း၊ ဘုရား အလောင်း မျောက်မင်းသည် သွေးစက်စက်နှင့်

မုဆိုးပုဏ္ဏားကို လမ်းပြသဖြင့် ရွာအဝင်၌ မုဆိုးမြေမျို ရသည်ကို ဆင်ခြင်"

ဟု မိန့်ကြားတော် မူသည်။

သီပေါမင်း ပါတော်မူပြီးနောက် ဆီးဘန်နီ ဆရာတော်က ကင်းဝန်ကို ရည်စူး ပြစ်တင်ထားသော စာပိုဒ်တွင် ...

အကြောင်းမှာကား၊ ငယ်ရွယ်နုမျစ်၊ ကြကိုမျှစ်သို့၊ မြေးမြစ်အလား၊ မင်းနှစ်ပါးတို့၊ တိုင်းကား နှင်းထပ် ကိုယ်ကိုအပ်၍၊ ပညတ်ဝေကြောင်း၊ မှူးမတ်အပေါင်းအား၊ ဆိုကောင်းတစ်ရာ၊ လွှဲပြောင်းပေးလျက်၊ တစ်ရွေး တစ်ရတီ၊ တစ်ဗီဇဝါ၊ တစ်မြူလွှာမျှ၊ ရသော အထူး ဂုဏ်ကျေးဇူးကို၊ မှူးမတ်မှ၊ မခံရရှင့်၊ သိဃတန်ဆောင် ဘုန်းတော် ရှောင်၍၊ ကုန်းဘောင် နေမီး၊ မထိန်ငြီး၍ တိုင်းကြီး ပြည်ကြီး အချည်းနှီးလျှင်၊ ထီးသုဉ်း နန်းသုဉ်း၊ မြို့သုဉ်း သုည၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းနှစ်ရလစ်၊ သုညခေတ်ဝယ်၊ ဖြစ်တည်ရချေ၊ တို့တစ်တွေသည် ... သေသော်မှတည့် ဩော် ... ကောင်း၏။

ဟု ရေးသား ဖော်ပြ ထားလေသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီး သီပေါမင်း ပါတော်မူပြီး နောက်ဝယ် ကင်းဝန် အမိန့်ကြောင့် အင်္ဂလိပ်ကို မခုခံရသော မျိုးချစ် သူရဲကောင်းတို့သည်လည်း နေရာအနှံ့၌ အုံကြွ ပေါ်ပေါက်လာကာ အင်္ဂလိပ်တို့အား တွန်းလှန် တိုက်ခိုက် ကြလေတော့သည်။

*****